# Ash Wednesday - Year A

## ဝါကြီးဝင်သည့်ဗုဒ္ဓဟူးနေ့။

**ပဌမကျမ်း။**

**"သင်တို့၏အဝတ်များကိုမဟုတ်။ သင်တို့၏နှလုံးသားများကိုဆုတ်ကြလော့။"**

*ပရောဖက်ယောလ်အဲ၏အနာဂတ္တိကျမ်း- ၁၂။ ၁၂-၁၈။*

ဘုရားသခင်မိန့်တော်မူသည်ကား အစာရှောင်ခြင်း၊ ငိုကြွေးခြင်း၊ ကြေကွဲခြင်းဖြင့် စိတ်နှလုံးအကြွင်းမဲ့ ယခုငါ့ထံသို့ပြန်လာကြလော့။ သင်တို့၏အဝတ်များကိုမဟုတ်၊ သင်တို့၏နှလုံးသားကိုဆုတ်ကြလော့။ သင်တို့၏ သခင်ဘုရားရှင်ထံတော်သို့ပြန်လာကြလော့။ အကြောင်းမူကား ကိုယ်တော်သည် သနားကရုဏာ မေတ္တာတော်နှင့် ပြည့်စုံတော်မူ၏။ သည်းခံတော်မူ၏။ သနားကြင်နာတော်မူ၍ အပြစ်အမှားကိုအခွင့်လွှတ်တော်မူ၏။ သင်တို့၏ သခင်ဘုရားရှင်အား စားသောက်ဖွယ်ရာပူဇော်သက္ကာများ ပူဇော်ခြင်းဖြင့် ကိုယ်တော်သည်ပြန်လှည့်တော်မူ၍ အခွင့်လွှတ်တော်မူပြီးလျှင် ကောင်းချီးမင်္ဂလာပေးတော်မူမည်၊ မပေးမည်ကိုအဘယ်သူသိရှိမည် နည်း။ ဇိအုန်တောင်ပေါ်၌ တံပိုးခရာကိုမှုတ်ကြလော့။ အစာရှောင်ခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေကြလော့။ ပရိသတ်တို့ကို ခေါ်ဖိတ်ကြလော့။ လူထုကိုစုဝေးစေကြလော့။ အသက်ကြီးရင့်သူတို့ကို စည်းရုံးကြလော့။ သူငယ်များနှင့် နို့စို့သူငယ်များကို စုဝေးစေကြလော့။ သတို့သားနှင့်သတို့သမီးတို့သည် မိမိတို့၏အခန်းတွင်းမှထွက်ကြစေ။ သခင်ဘုရား၏ အမှုတော်ဆောင်ရဟန်းတို့သည် အိမ်တော်ဦးနှင့် ယဇ်ပလ္လင်စပ်ကြား၌ ငိုကြွေးကြလျက် အိုဘုရားသခင်ကိုယ်တော်၏လူမျိုးတော်ကိုသနားတော်မူပါ။ တစ်ပါး အမျိုးသားတို့သည်အုပ်စိုးသဖြင့်ကိုယ်တော်၏ အမွေတော်ကိုကဲ့ရဲ့ရှုတ်ချစရာဖြစ်စေတော်မမူပါနှင့်။ သူတို့၏ဘုရားကား အဘယ်မှာ ရှိသနည်း ဟုအဘယ်ကြောင့် တစ်ပါးအမျိုးသားတို့သည် ပြောဆိုစေရမည်နည်းဟု ဆိုကြပါစေ။ ဘုရားသခင်သည် မိမိ၏နိုင်ငံတော် ကိုကူညီချင်သောစိတ်စောသဖြင့်မိမိ၏ လူမျိုးကိုသနားတော်မူလိမ့်မည်။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းကျူးခြင်း။**

ဆာလံ- ၅၀၊

သံပြိုင်- အိုဘုရားသခင်ကျွန်ုပ်တို့သည်အပြစ်ပြုမိခဲ့ကြသောကြောင့်သနားတော်မူပါ။

၁ အိုဘုရားသခင်ကိုယ်တော်၏ မဟာကရုဏာတော်မြတ်အတိုင်း ကျွန်ုပ်ကိုသနားတော်မူပါ။ ကိုယ်တော်သည် ကရုဏာမေတ္တာတော်ရှင်ဖြစ်သည်နှင့်အညီ ကျွန်ုပ်၏အပြစ်ကိုအခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်၏ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အပြစ်မှကျွန်ုပ်ကိုသန့်ရှင်းစေတော်မူပါ။ (သံပြိုင်)

၂ အကြောင်းမူကား ကျွန်ုပ်၏မိုက်မှားခြင်းကို ကျွန်ုပ်သိမှတ်ဝန်ခံပါ၏။ ကျွန်ုပ်၏အပြစ်ကို ကျွန်ုပ်အစဉ်အောက်မေ့ လျက်ရှိနေပါ၏။ ကိုယ်တော်ကိုသာလျှင် ကျွန်ုပ်ပြစ်မှားမိခဲ့ပါပြီ။ ကိုယ်တော်၏ မျက်မှောက်တော်၌ ဒု ရိုက်ကိုပြုမိပါ၏။ သို့ဖြစ်၍ ကိုယ်တော်၏အမိန့် ချမှတ်တော်မူချက်သည် မှန်ကန်ပေ၏။ ကိုယ်တော်၏တရားစီရင်ချက်သည်လည်း ဖြောင့်မတ်ပေ၏။ (သံပြိုင်)။

ကျွန်ုပ်၌သန့်ရှင်းသောစိတ်ကိုဖန်ဆင်းတော်မူပါ။ ထိုစိတ်ထဲ၌ဖြောင့်မတ်တည်ကြည်သော သဘောကို ပေးတော် မူပါ။ ကျွန်ုပ်ကိုကိုယ်တော်၏ အထံတော်မှနှင်ထုတ်တော်မမူပါနှင့်။ ကိုယ်တော်၏ သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ကျွန်ုပ်မှ ရုတ်သိမ်းတော်မမူပါနှင့်။ (သံပြိုင်)။

ကိုယ်တော်၏ခွင့်လွှတ်တော်မူခြင်းဖြင့် ဝမ်းမြောက်ခြင်းကိုပေးသနားတော်မူပါ။ ကျွန်ုပ်အား ရက်ရော သော စေတနာစိတ်ကိုပေးတော်မူပါ။ အိုဘုရားသခင်ကျွန်ုပ်၏နှုတ်ခမ်းကိုဖွင့်တော်မူပါ။ ကျွန်ုပ်၏ နှုတ်လျှာသည်လည်း ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုချီးမြောက်ပါလိမ့်မည်။ (သံပြိုင်)

ဒုတိယကျမ်း။

## "သင်တို့သည်ဘုရားသခင်နှင့် ကျေအေးသင့်မြတ်ကြလော့။ ယခုအချိန်သည် ဘုရားသခင်လက်ခံသောအချိန်ဖြစ်သတည်း။

*မွန်မြတ်သောတမန်တော်ကြီးသံပေါလူးကော်ရင်းသီမြို့သားတို့ထံ ရေးသောစာ၊ ဒုတိယစောင် (၅၊၂၀ မှ ၆၊၂ အထိ)*

ညီအစ်ကိုတို့၊

ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏သံတမန်တော်များဖြစ်ကြသည့်အတိုင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် နှိုးဆော်တော်မူသည်။ သင်တို့သည်ဘုရားသခင်နှင့်ကျေအေးသင့်မြတ်ကြမည့်အကြောင်း ယေရှုသခင်၏ နာမတော်ကိုထောက်၍ သင်တို့ကိုပန်ကြားပါသည်။ အကြောင်းမူကား ဘုရားသခင်သည် အပြစ်နှင့်လုံးဝ ကင်းစင်သောသူကို ကျွန်ုပ်တို့အတွက်အပြစ်ရှိသောသူဖြစ်စေတော်မူ၍ ထိုသူအားဖြင့် ကျွန်ုပ်တို့ကို သန့်ရှင်း ဖြောင့်မတ်သောသူများ ဖြစ်စေတော်မူသည်။ ကျွန်ုပ်တို့သည်ကိုယ်တော်နှင့် လုပ်ဖော်ကိုင်ဘက်များ ဖြစ်ကြသည့်အတိုင်း၊ သင်တို့ခံရသော ဘုရားသခင်၏ ကျေးဇူးတော်များ၊ အကျိုးမဲ့အချည်းနှီးမဖြစ်စေ ရန် သင်တို့ကိုသတိပေးနှိုးဆော်ပါသည်။ အကြောင်းမူကား "လက်ခံဖွယ်သောအချိန်၌ ငါသည် သင့်ကိုနားညောင်းခဲ့ပြီ။ ကယ်တင်ခြင်း ချမ်းသာရနိုင်သော နေ့ရက်တို့၌ ငါသည်သင့်ကိုကူညီခဲ့ပြီ။" ဟုဘုရားသခင် မိန့်တော်မူခဲ့သည့်အတိုင်း ယခုအချိန်သည် ဘုရားသခင် လက်ခံသောအချိန်၊ ကယ်တင်ခြင်းချမ်းသာရနိုင်သော နေ့ရက်များဖြစ်ကြသတည်း။

***ဤသည်ကား ဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

ဝေဝေလီကျမ်းမဖတ်မီ၊ ကြွေးကြော်သံ၊ (ဆာလံ– ၉၄၊၈)

ဤယနေ့သင်တို့သည် စိတ်နှလုံးတင်းမာ၍မနေကြလေနှင့်။ ဘုရားသခင်၏အသံကိုနားထောင်ကြလော့။

**ဧဝံဂေလိကျမ်း။**

**"ဆိတ်ကွယ်ရာမှာမြင်တော်မူသောသင်၏အဖသည်သင့်အားပြန်၍ပေးတော်မူလိမ့်မည်။"**

*သံမာဘေဦးရေးထားသောသန့်ရှင်းသောဧဝံဂေလိကျမ်း။ (၆၊ ၁မှ၆ နှင့် ၁၆မှ၁၈ အထိ)*

ထိုကာလ၌သခင်ယေရှုသည် မိမိတပည့်ကြီးတို့အား ဤသို့အမိန့်တော်ရှိသည်။

လူများမြင်စေခြင်းငှါသင်တို့ကောင်းမှုကိုသူတို့မျက်မှောက်တွင်မပြုကြမည့်အကြောင်း သတိပြုကြလော့။ သို့မဟုတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖထံတော်၌ အကျိုးကိုမခံရဘဲ နေကြလိမ့်မည်။ ထို့ကြောင့် သင်သည် အလှူပေးသောအခါ ဟီပိုခရိတ်တို့သည် လူတို့၏ချီးမွမ်းခြင်းခံရအောင် တရားဇရပ်များနှင့် လမ်းများ၌ ပြုကြသည့်နည်းတူ သင့်ရှေ့မှာတံပိုးခရာမမှုတ်စေနှင့်၊ သင်တို့အား ငါအမှန်ဆိုသည်ကား ထိုသူတို့သည် မိမိတို့ အကျိုးကိုရကြလေပြီ။ သင်မူကားအလှူ ပေးသောအခါ သင်၏လက်ယာလက်ပြုသည်ကို လက်ဝဲလက်မသိစေလင့်။ သင်၏အလှူသည်ဆိတ်ကွယ်ရာ၌ရှိ၍ ဆိတ်ကွယ်ရာမှာ မြင်တော်မူသောသင်၏အဖသည် သင့်အားပြန်၍ ပေးတော်မူလိမ့်မည်။ သင်တို့သည်ဆုတောင်းပဋ္ဌနာပြုကြသောအခါ လူတို့မြင်စေခြင်းငှါတရားဇရပ်များ၌လည်းကောင်း၊ လမ်းဆုံလမ်းဝများ၌လည်းကောင်း ရပ်လျက်ဆုတောင်းခြင်းကိုပြုလိုကြသော ဟီပိုခရိတ်များကဲ့သို့မပြုကြရ။ သင်တို့အားငါအမှန်ဆိုသည်ကား မိမိအကျိုးကိုခံရကြပြီ။ သင်မူကား ဆုတောင်းသောအခါ သင်၏အခန်းထဲသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ ဆိတ်ကွယ်ရာ၌သင်၏အဖကိုဆုတောင်းလော့။ ဆိတ်ကွယ်ရာမှာ မြင်တော်မူသော သင်၏အဖသည် လည်းအကျိုးကိုပေးတော်မူလိမ့်မည်။ သင်တို့သည်အစာရှောင်ခြင်း အကျင့်ကိုကျင့်ကြသောအခါ ဟီပိုခရိတ်တို့ကဲ့သို့မျက်နှာညှိုးငယ်ခြင်းမရှိကြနှင့်၊ အကြောင်းမူကားသူတို့သည် မိမိတို့အစာရှောင်ကြ သည်ကိုလူတို့မြင်စေခြင်းငှါ မိမိတို့မျက်နှာများကိုဖျက်ကြ၏။ သင်တို့အားငါအမှန်ဆိုသည်ကား သူတို့သည် မိမိတို့အကျိုးကိုခံရကြ ပြီ။ သင်မူကားအစာရှောင်သောအခါသင်၏ခေါင်းကိုဆီလိမ်းကျံ၍ မျက်နှာကိုသစ်လော့။ သင်သည်အစာရှောင်သည်ကား လူတို့ ရှေ့မှာမဟုတ်ဆိတ်ကွယ်ရာ၌ ရှိတော်မူသောသင်၏ အဖရှေ့တော်မှာ ထင်ရှားသဖြင့် ဆိတ်ကွယ်ရာ၌မြင်တော်မူ သောသင်၏အဖသည် အကျိုးပေးတော်မူလိမ့်မည်။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***